MELBOURNE FORUM
on Constitution-Building

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

THE UNIVERSITY OF MELBOURNE
CONSTITUTION TRANSFORMATION NETWORK

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်* စာတမ်းအမှတ်(၅) ဇူလိုင်လ၊ ၂၀၂၁ ခုနှစ်

## အကျဉ်းချုပ်

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေခြင်းသည် ထူးခြားသိသာသော အရေးကိစ္စရပ်များစွာကို ဖြစ်ပေါ်စေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်စာတမ်း* အမှတ်စဉ် (၅) သည် ဖွဲ့စည်းပုံ အခြေခံဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များကို ပါဝင်စေရခြင်းအတွက် အခြေခံအကြောင်းရင်းများ၊ ၎င်း၏စိန်ခေါ်မှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ၎င်းတို့ပါဝင်မှုကို အထောက်အကူပြုနိုင်မည့် ယန္တရားများကို လေ့လာဆန်းစစ်ထားပါသည်။

## ဤစာစဉ်များ အကြောင်း

**အာရှနှင့် ပစိဖိတ်ဒေသတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာ မဲလ်ဘုန်းဖိုရမ်**သည် Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်) နှင့် International IDEA တို့ ပူးပေါင်းစီစဉ်လုပ်ဆောင်သော စင်မြင့်တစ်ခုဖြစ်သည်။

၎င်းသည် ဒေသတစ်ဝှမ်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဆိုင်ရာ ပညာရှင်များနှင့် လက်တွေ့လုပ်ဆောင်သူများအား အတူတကွ စုဝေးကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ကမ္ဘာလုံး ကျယ်ကျယ်ပြန့်ပြန့်နားလည်နိုင်စေရန် အရေးကြီးသည့် အကြောင်းအရာများအပေါ် အတွေးအမြင်များ မျှဝေဖလှယ်နိုင်စေရန်ရည်ရွယ်သည်။

ဤစာစဉ်များသည် မဲလ်ဘုန်းဖိုရမ်တွင် ဆွေးနွေးခဲ့သော အတွေးအမြင်များကို လွယ်လင့်တကူ လက်လှမ်းမီသိရှိနိုင်စေရန် လက်တွေ့အခြေပြု နည်းလမ်းဖြင့် ထည့်သွင်းဆွေးနွေးထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ *အသေးစိတ်လေ့လာချက်*များကို ပိုမိုဖတ်ရှုလို၍ဖြစ်စေ မဲလ်ဘုန်းဖိုရမ် အကြောင်း ပိုမိုလေ့လာလို၍ဖြစ်စေ Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်)၏ အောက်ပါဝဘ်ဆိုဒ်သို့ သွားရောက်လေ့လာနိုင်ပါသည်။

<http://law.unimelb.edu.au/constitutional-transformations #mf >

# ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ပါဝင်စေခြင်း

## နိဒါန်း

ပဋိပက္ခဒဏ်ခံအခြေအနေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း ဖြစ်ပေါ်သောအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေခြင်းသည် စိန်ခေါ်မှုများနှင့် ထူးခြားသိသာသည့်အရေးကိစ္စများဖြစ်ပေါ်စေသည်။ ထိုသို့သောအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းသည် ငြိမ်းချမ်းရေးသဘောတူညီချက်များကို ညှိနှိုင်းဆွေးနွေးခြင်း၊ လက်နက်ဖျက်သိမ်းရေး၊ တပ်ဖျက်သိမ်းခြင်းနှင့် တပ်ပြန်လည်ပေါင်းစည်းခြင်းတို့ပါဝင်သည့် ကျယ်ပြန့်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် တိုက်ဆိုင်နေနိုင်သည်။

ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်စာတမ်းတွင် နိုင်ငံအပေါ် ရေရှည်အကြမ်းဖက်မှုများကျူးလွန်သည့် လက်နက်ကိုင်အဖွဲ့အစည်းများတွင်ပါဝင်နေသော (သို့) ပါဝင်ခဲ့သော လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် တပ်ဖွဲ့ဟောင်းများအကြောင်းကို အဓိကထားလေ့လာထားပါသည်။ လက်နက်ကိုင်တပ်ဖွဲ့အမျိုးအစားများတွင် တိုက်ခိုက်မှုတွင် ပါဝင်သောတပ်သားများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် လက်နက်ကိုင်တော်လှန်ရေးတွင် ထောက်ပံ့ပို့ဆောင်ရေး၊ ဘဏ္ဍာရေးနှင့်အခြားနည်းလမ်းများဖြင့် ထောက်ပံ့သောသူများလည်း ပါဝင်သည်။ ထို့ကြောင့် နိုင်ငံတော်လက်နက်ကိုင်တပ်ဖွဲ့၏အဖွဲ့ဝင်များအား ဤဆောင်းပါးပါ "တပ်ဖွဲ့များ" တွင် ထည့်သွင်းထားခြင်းမရှိပါ။ နိုင်ငံတော်၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များအတွက်မူ မတူညီသည့် ပါဝင်စေခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းနှင့် ပတ်သက်သောအရေးကိစ္စများ ပေါ်ပေါက်သည်။

ဤစာတမ်းသည် လေးကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသရှိဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာ မဲလ်ဘုန်းဖိုရမ်တွင်ဆွေးနွေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းတွင် ပါဝင်စေခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းနှင့်စပ်လျဉ်းသည့်အချက်များကို ထုတ်နှုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ဖိုရမ်တွင် အင်ဒိုနီးရှားရှိ အာချေး၊ ပါပူဝါနယူးဂီနီရှိ ဘူဂန်ဗေး(လ်)၊ ဖိလစ်ပိုင်ရှိ မင်ဒနာအိုတို့ရှိ အတွေ့အကြုံများနှင့် အာဖဂန်နစ္စတန်၊ ကိုလံဘီယာ၊ နီပေါနှင့်သီရိလင်္ကာနိုင်ငံတို့၏ အတွေ့အကြုံများကို ဆွေးနွေးခဲ့ပါသည်။ ၎င်းတို့ကို အောက်ပါမေးခွန်း ၄ ခုအပေါ်အခြေခံ၍ စုစည်းလေ့လာထားခြင်း ဖြစ်ပါသည်။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင် လက်နက်ကိုင်တပ်ဖွဲ့များအခန်းကဏ္ဍ၏ ထူးခြားအရေးပါမှုသည် အဘယ်နည်း။

**ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များ ပါဝင်မှုကို အကျိုးသက်ရောက်စေသည့် ထူးခြားသောအရည်အသွေး လုပ်ဆောင်နိုင်စွမ်းများနှင့် အကျိုးစီးပွားများ လက်နက်ကိုင်တပ်ဖွဲ့ဝင်များတွင် ရှိသည်။**

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အဘယ်ကြောင့်လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေသင့်သနည်း။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်နိုင်ရန် စိန်ခေါ်မှုများမှာ အဘယ်နည်း။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များ မည်ကဲ့သို့ ပါဝင်နိုင်သနည်း။

## ၁။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင် လက်နက်ကိုင်တပ်ဖွဲ့များ အခန်းကဏ္ဍ၏ ထူးခြားအရေးပါမှုသည် အဘယ်နည်း။

လက်နက်ကိုင်တပ်ဖွဲ့များတွင် အခြားပါဝင်သူများနှင့်မတူထူးခြားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်တွင် ၎င်းတို့၏ပါဝင်မှုကို အကျိုးသက်ရောက်မှု ရှိစေသည့် ထူးခြားသောအရည်အသွေး လုပ်ဆောင်နိုင်စွမ်းများနှင့် အကျိုးစီးပွားများရှိသည်။ ဤအခန်းတွင် ထူးခြားသော အဓိကအချက်လေးချက်ကို ဖော်ထုတ်ပြထားသော်လည်း အဆိုပါအချက် ၄ ချက်စလုံးသည် အရေးကိစ္စအားလုံးတွင် လက်နက်ကိုင်တပ်ဖွဲ့များအားလုံးထံသို့ သက်ရောက်နိုင်ချေ မရှိကြောင်း မှတ်သားရသည်။

### ၁.၁။ လက်နက်ကိုင်တပ်ဖွဲ့များသည် တရားဝင်မှုရှိရန် တောင်းဆိုနိုင်သည်

ကောင်းမွန်စွာဖွဲ့စည်းထားသော လက်နက်ကိုင်အဖွဲ့အစည်းအချို့သည် အစိုးရကိုဆန့်ကျင်သောတော်လှန်ရေး သို့မဟုတ် လွတ်မြောက်ရေးလှုပ်ရှားမှု၏ အစိတ်အပိုင်းအဖြစ် မိမိကိုယ်ကိုခံယူထားကြသည်ဖြစ်ပြီး တရားဝင်မှုအတွက် တိုက်ခိုက်သည်ဖြစ်ကြောင်း အခိုင်အမာပြောဆိုလေ့ရှိသည်။ ၎င်းတို့အနေဖြင့် တာဝန်ထမ်းဆောင်နေဆဲအစိုးရကို တရားမဝင်သောအစိုးရအဖြစ် မှတ်ယူခြင်းမျိုး ရှိနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရသည် ဥပမာအားဖြင့် လူမှုအဖွဲ့အစည်းအချို့ကို ဖယ်ကျဉ်ထားခြင်း သို့မဟုတ် နှိပ်စက်ညှင်းပန်းခြင်း သို့မဟုတ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ တန်ဖိုးကိုလေးစားခြင်း မရှိဘဲ နယ်မြေပိုင်နက်ကို သတ်မှတ်ယူခြင်းကြောင့်ဖြစ်သည်။ နိုင်ငံအတွင်းရှိ နယ်မြေဒေသအချင်းချင်းအကြား ဖြစ်ပွားသောပဋိပက္ခများသည် ပိုမိုကျယ်ပြန့်သော နိုင်ငံရေးကြိုးပမ်းဆောင်ရွက်မှုများနှင့် ဆက်စပ်လျက်ရှိသောနေရာများတွင် လက်နက်ကိုင်တပ်ဖွဲ့များသည် အချို့သောဒေသခံအုပ်စု၏ ကြီးမားသောအထောက်အပံ့ကိုရရှိနိုင်ပြီး ထိုဒေသခံများသည် ယင်းတပ်ဖွဲ့များကို ၎င်းတို့အကျိုးစီးပွား၏ တရားဝင်မှုရှိသောကိုယ်စားပြုများအဖြစ် သတ်မှတ်ထားကြသည် (Dudouet et al. 2012:8)။ ဤအခြေအနေသည် အကျိုးဆက်များစွာရှိစေနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းဖြင့် ပဋိပက္ခ၏ အခြေခံအကြောင်းတရားကိုဖြေရှင်းရန် ရည်ရွယ်သောနေရာများတွင် လက်နက်ကိုင်တပ်ဖွဲ့များကို ဖယ်ကြဉ်ခံအုပ်စု သို့မဟုတ် သဘောတရား၏ကိုယ်စားပြုများအဖြစ် ရှုမြင်နိုင်ပါသည်။ အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းသည် ပဋိပက္ခဖြစ်ပွားစေသည့် အကြောင်းအရင်းများကို အောင်မြင်စွာဖြေရှင်းပေးနိုင်ခြင်းမရှိပါက တပ်ဖွဲ့များအနေဖြင့် ပြန်လည်လက်နက်စွဲကိုင်ရန် တွန်းအားဖြစ်စေပါမည်။

### ၁.၂။ လက်နက်ကိုင်တပ်ဖွဲ့များသည် ရာဇဝတ်မှုကျူးလွန်မှုတွင် ပါဝင်ပတ်သက်မှုသေချာလုနီးပါးဖြစ်သည်

လက်နက်ကိုင်တပ်ဖွဲ့များဖြစ်ပေါ်လာရသည့် အကြောင်းအရင်းခိုင်လုံမှုသည် မည်သို့ပင်ဖြစ်လင့်ကစား တပ်ဖွဲ့များအနေဖြင့် နိုင်ငံတော်ကိုဆန့်ကျင့်သည့် အကြမ်းဖက်မှုများနှင့် ပြည်သူလူထုကို သို့မဟုတ် အိုးအိမ်ပိုင်ဆိုင်မှုများကိုထိခိုက်စေနိုင်သည့် ရာဇဝတ်မှုကျူးလွန်မှုများတွင် ပါဝင်ပတ်သက်နိုင်ချေရှိသည်။ ဆိုးရွားသည့်အခြေအနေများတွင် လက်နက်ကိုင်တပ်ဖွဲ့များသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကဲ့သို့သော နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေအရ တားမြစ်ထားသော ရာဇဝတ်မှုများနှင့်ပင် ပါဝင်ပတ်သက်နိုင်သည်။

နိုင်ငံတော်တပ်ဖွဲ့မဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် နိုင်ငံတော်၏လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့်မတူဘဲ တရားမဝင်လက်နက်ပိုင်ဆိုင်မှု၊ ပုန်ကန်ထကြွမှုကိုလှုံ့ဆော်မှု၊ ပုန်ကန်ထကြွမှုကဲ့သို့သော ပြည်တွင်းဥပဒေများနှင့် လူသတ်မှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှု၊ ပြန်ပေးဆွဲမှုနှင့်ပျောက်ဆုံးမှုများကဲ့သို့သော လူများထိခိုက်နစ်နာစေမှုနှင့်ပတ်သက်သောပြစ်မှုများတွင် တာဝန်ရှိနိုင်ပါသည်။ နိုင်ငံ့လက်နက်ကိုင်တပ်ဖွဲ့ဝင်များကိုမူ နိုင်ငံ၏တရားဝင်လုပ်ပိုင်ခွင့်အရ ဆောင်ရွက်လျက်ရှိသည်ဟုယူဆခြင်းဖြစ်ရာ များသောအားဖြင့် ၎င်းတို့လုပ်ဆောင်ချက်များ၏ ဥပဒေဆိုင်ရာအကျိုးဆက်သည် ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေများဖြင့် အကာအကွယ်ရရှိထားသည်။ ဤအခြေအနေတွင် နိုင်ငံ့တပ်ဖွဲ့မဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များသည် မတူညီသည့် အနေအထားတွင်ရှိသည်။ ဤအခြေအနေသည် ဒေသအချင်းချင်းပဋိပက္ခတွင် ပါဝင်သောအဖွဲ့များအပေါ် အချိုးမညီသည့်ဥပဒေအစီအမံဖြစ်ပေါ်စေပြီး ယင်းသည် ဒေသတွင်းလူ့အဖွဲ့အစည်းအချို့ကို မကျေနပ်မှုဖြစ်ပေါ်စေသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဤအခက်အခဲကို ကျော်လွှားရန်အဆင့်များချမှတ်ထားခြင်းမရှိပါက ပြည်တွင်းဥပဒေအရ ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားသော အပြုအမူမှတ်တမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေရေးအတွက် ဥပဒေကြောင်းအရအတားအဆီးအခက်အခဲများနှင့် ကြုံတွေ့ရနိုင်ပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များ၏လုပ်ဆောင်ချက်များကြောင့် ဒုက္ခခံစားရသောလူမှုအဖွဲ့အစည်း၏အပိုင်းကဏ္ဍသည်လည်း လက်နက်ကိုင်တပ်ဖွဲ့များအားပါဝင်မှုကို ဆန့်ကျင်မှုဖြစ်စေနိုင်ပြီး ယင်းကိုငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်ဒီဇိုင်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

## ၁.၃။ ပဋိပက္ခကြောင့် လက်နက်ကိုင်တပ်ဖွဲ့များအပေါ်သက်ရောက်မှုရှိပါမည်

နိုင်ငံတွင်း ပဋိပက္ခအချို့သည် ကာလတိုတောင်းသော်လည်း ပဋိပက္ခအများအပြားသည်မူ ရှည်လျားပြီး ဆယ်စုနှစ်များစွာရှည်ကြာနိုင်ပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များကိုယ်၌ပင် ပဋိပက္ခများကြောင့် သက်ရောက်မှုများတစ်မျိုးတစ်ဖုံ ခံစားရနိုင်ပါသည်။ အချို့သောအခြေအနေများတွင် လက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်းတို့၏ဘဝအချိန်အများစုကို ပဋိပက္ခအခြေအနေတွင် ရှည်ကြာစွာနေထိုင်ခဲ့ရပြီး ငြိမ်းချမ်းသောမြို့ပြဘဝအတွေ့အကြုံမရှိခြင်းနှင့် ယင်းမြို့ပြဘဝတွင် ရှင်သန်လှုပ်ရှားရန်လိုအပ်သည့် ကျွမ်းကျင်မှုများမရှိခြင်းတို့ ဖြစ်လေ့ရှိသည်။ အသက်အန္တရာယ် ခြိမ်းခြောက်သောခြောက်ခြားတုန်လှုပ်ဖွယ်အခြေအနေများတွင် ရင်ဆိုင်တိုက်ခိုက်ရသည့် တင်းကျပ်သောလက်နက်ကိုင်တပ်ဖွဲ့များ၏ အဖွဲ့ဝင်များဖြစ်သည့်အလျောက် တပ်ဖွဲ့ဝင်များသည် ပြည်သူ့လိုလားချက်ထက် အချင်းချင်းအပေါ် သစ္စာစောင့်သိမှုပိုမိုရှိနေတတ်ကာ ၎င်းတို့ဆန့်ကျင်လာခဲ့သောနိုင်ငံအပေါ် အလွန်အမင်းမယုံကြည်မှုလွန်ကဲနေတတ်ပါသည်။ ဤဝိသေသလက္ခဏာများသည် တပ်ဖွဲ့များကို နိုင်ငံ၏လူမှုရေး၊ စီးပွား၊ နိုင်ငံရေးဘဝထဲသို့ ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတို့ဖြင့် ပြန်လည်ခေါ်ယူစုစည်းရာတွင် ပေါ်ပေါက်လာနိုင်သော စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့်နည်းများဖြင့် ဂရုတစိုက် အကောင်အထည်ဖော်ဆောင်ရန် အားပေးလျက်ရှိသည်။

## ၁.၄။ လက်နက်ကိုင်တပ်ဖွဲ့များသည် ဒေသစီးပွားရေးတွင်စိမ့်ဝင်စွဲမြဲနေနိုင်သည်

အချို့ပဋိပက္ခများတွင် လက်နက်ကိုင်တပ်ဖွဲ့အဖွဲ့များသည် နိုင်ငံအတွင်းရှိ နယ်မြေကိုထိန်းချုပ်ထားသည်။ ယင်းကဲ့သို့သောအခြေအနေများတွင် စစ်ရေးလုပ်ရှားမှုများအပြင် ၎င်းတို့သည် ဒေသစီးပွားရေးနှင့် လူမှုဝန်ဆောင်မှုများကိုပေးအပ်ရန်အတွက်တာဝန်ရှိသည်ဟု ခံယူထားနိုင်သည်။ ယင်းတို့လုပ်ဆောင်ခြင်းဖြင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် နိုင်ငံသားများ၏သစ္စာရှိမှုကို စွဲဆောင်နိုင်ပြီး အုပ်ချုပ်ရေးနှင့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို အဓိကပံ့ပိုးပေးသူအဖြစ် အစိုးရကိုပင် အစားထိုးနိုင်သည်။ ဤအတွေ့အကြုံသည် လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များနှင့် ပြည်လူလူထုကိုကိုယ်စားပြုသော နိုင်ငံရေးစွမ်းရည်များ ရရှိစေနိုင်သည်။ ယင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးနှင့် နိုင်ငံရေးဆိုင်ရာပြန်လည်ပေါင်းစည်းရေး

**လက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးတွင် အစဦး တည်းက ပါဝင်စေခြင်းသည် ပဋိပက္ခအခြေအနေမှ ရေရှည် တည်တံ့သောငြိမ်းချမ်းရေးဆီသို့ ကြိုးပမ်းမှုကို အထောက်အကူ ပေးနိုင်ပါသည်။**

နှင့်ပတ်သက်၍ အထောက်အကူဖြစ်စေနိုင်သည်။ သို့သော် အလားတူပင် အဖွဲ့၏တောင်းဆိုမှုများ မရရှိပါက ပဋိပက္ခများပြန်လည်ဖြစ်ပေါ်စေရန်အတွက် တွန်းအားဖြစ်စေသည်။

## ၂။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အဘယ်ကြောင့် လက်နက်ကိုင်တပ်ဖွဲ့များပါဝင် စေသင့်သနည်း။

ပဋိပက္ခဖြစ်ပွားရာအခြေအနေရှိ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးသည် ငြိမ်းချမ်းရေးကို တည်ထောင်ရန်နှင့်အားကောင်းခိုင်မာရန် လိုအပ်သည့်အချက်များနှင့် ဆက်စပ်လျက်ရှိသော သွင်ပြင်လက္ခဏာများ ပါဝင်သည်။ ၎င်းတွင် အောက်ပါတို့ပါဝင်ပါသည်။

- ပိုမိုသာတူညီမျှဖြစ်၍ အားလုံးပါဝင်သည့် နိုင်ငံတစ်ရပ်ထူထောင်ခြင်းနှင့် ပဋိပက္ခဖြစ်ပွားစေသည့် အခြေခံအကြောင်းတရားများကို ဖော်ထုတ်အဖြေရှာခြင်းတို့ဖြင့် ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ ဦးတည်ရေးကြိုးပမ်းချက်ကို အထောက်အကူပြုခြင်း
- ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးဖြစ်စဉ်ကို ပဋိပက္ခဖြစ်ပွားခဲ့သော အဖွဲ့များအကြား အပြန်အလှန်တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန်နှင့် ယုံကြည်မှုတည်ဆောက်ရန် ရှေ့ဆက်လုပ်ဆောင်သွားမည့် အခွင့်အလမ်းတစ်ခုအဖြစ် အသုံးပြုခြင်း
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုံစံရေးဆွဲရာတွင် သဘောတူညီမှုရရှိထားသည့် အင်စတီကျူးရှင်းအသစ်များနှင့် အုပ်ချုပ်ရေးအစီအမံများကို အခိုင်အမာထည့်သွင်းရေးဆွဲခြင်း

အထက်ဖော်ပြပါ ရည်မှန်းချက်တစ်ခုချင်းစီတွင် လက်နက်ကိုင်တပ်ဖွဲ့များ ပါဝင်စေရန်လိုအပ်သည်။

### ၂.၁။ ပဋိပက္ခအခြေအနေမှ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းဆီသို့ ကြိုးပမ်းခြင်း

တစ်ခါတစ်ရံတွင် လက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင် 'နှောင့်ယှက်ဖျက်စီးနိုင်ခြေရှိသူများ' အဖြစ် ပုံဖော်တတ်ကြပါသည် (UNDP 2014:9)။ အထက်တွင် ဆွေးနွေးခဲ့သည့်အကြောင်းတရားများကြောင့် တပ်ဖွဲ့များတွင်ငြိမ်းချမ်းရေးဖြစ်စဉ်ကို အားနည်းစေမည့် လက်နက်ပြန်လည်စွဲကိုင်နိုင်သည့် အခြေအနေနှင့် အင်အားတို့ ရှိနေနိုင်ပါသည်။

သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သူအားလုံးသည် နှောင့်ယှက်ဖျက်စီးနိုင်ခြေရှိသူများဖြစ်သောကြောင့် နှောင့်ယှက်ဖျက်စီးသူအဖြစ် အမည်တပ်ခြင်းကို သတိဖြင့် အသုံးပြုသင့်သည်။ အထူးသဖြင့် နိုင်ငံရေးဖြေရှင်းချက်၏ အဓိကကျသော ရှုထောင့်များအပေါ် သဘောထားကွဲလွဲမှုရှိသည့် အခြေအနေမျိုးတွင်ဖြစ်သည်။ ပိုမိုကောင်းမွန်သည့် ချဉ်းကပ်ပုံတစ်ခုမှာ လက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်ကို တားဆီးခြင်း သို့မဟုတ် အပြောင်းအလဲကိုမြှင့်တင်ပေးနိုင်သောစွမ်းရည်ရှိသည့် အရေးကြီးသည့် ပါဝင်သည့်အဖွဲ့များအနက်မှ အဖွဲ့တစ်ခုအဖြစ်လက်နက်ကိုင်တပ်ဖွဲ့များကို နားလည်ခြင်းဖြစ်သည်။ အချို့သောအခြေအနေများတွင် ဖယ်ကြဉ်ခြင်းသည် ပဋိပက္ခဆက်လက်ဖြစ်ပွားစေနိုင်သည်။ အာဖဂန်နစ္စတန်နိုင်ငံသည် ဥပမာတစ်ခုဖြစ်ပါသည်။ ၂၀၀၂–၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်မှ တာလီဗန်များကို ဖယ်ကျဉ်လိုက်ခြင်းကြောင့် ဆိုးရွားသည့် အကျိုးဆက်များနှင့် ကြုံတွေ့ခဲ့ရသည်။ ပြန်လည်ထကြွလာသည့် တာလီဗန်တပ်ဖွဲ့တစ်ခုမှ ၎င်းတို့၏အခန်းကဏ္ဍကိုချန်လှပ်ထားခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များကို လိုက်နာရန်ငြင်းဆိုကာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားဝင်မှုကိုစိန်ခေါ်လိုက်သည့်အခြေအနေတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည် (Parsalay 2019)။

ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်သည် ပဋိပက္ခ၏အခြေခံအကြောင်းတရားကို ရှာဖွေဖြေရှင်းကာ ငြိမ်းချမ်းရေးကို လက်နက်ကိုင်ဖြေရှင်းခြင်းထက် နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန်ရည်ရွယ်ပါက တပ်ဖွဲ့များပါဝင်မှုအပြင် အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်ဖြစ်ရန်

အရေးကြီးပါသည်။ သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အပေါ် မိမိနှင့်တိုက်ရိုက်သက်ဆိုင်ပြီး လေးစားလိုက်နာဖွယ်ရာအဖြစ် သတ်မှတ်နိုင်ကြမည်ဖြစ်သည်။

### ၂.၂။ အပြန်အလှန် တွေ့ဆုံဆွေးနွေးပွဲဆက်လက်လုပ်ဆောင်ခြင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်သည်ပင်လျှင် ပဋိပက္ခမှငြိမ်းချမ်းရေးသို့ ပြောင်းလဲမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း၏ စုဖွဲ့ပုံနှင့် ဒီဇိုင်းပုံစံပေါ်မူတည်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်သစ်များ ရေးသားခြင်းနှင့် ငြင်းခုံဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ယခင်ပဋိပက္ခဖြစ်ပွားသည့်အဖွဲ့များအကြား ပဋိပက္ခအကြောင်းရင်း၏အဖြေကို ညှိနှိုင်းဆွေးနွေးရန် ဖိုရမ်တစ်ခုဖန်တီးပေးနိုင်ပါသည် (Hart 2001:153)။ ဤနည်းအားဖြင့် အဖွဲ့များအချင်းချင်းအကြား ယုံကြည်မှုမရှိကြစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးသည် ယုံကြည်ရသည့်လုပ်ငန်းစဉ်တစ်ခုကို ဖော်ဆောင်ပေးနိုင်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များကို ပါဝင်စေခြင်းသည် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုစတင်ရာဖြစ်သည့် လုပ်ငန်းဆက်ဆံရေးတည်ဆောက်ခြင်းနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်တို့ကို တိုးမြင့်စေပါသည်။

### ၂.၃။ အလုပ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်အသစ်များကို ဒီဇိုင်းရေးဆွဲခြင်း

ငြိမ်းချမ်းရေးတည်ဆောက်မှုအခြေအနေတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအပြောင်းအလဲသည် မညီမျှမှု၊ ဖယ်ကျဉ်ထားမှု(သို့) ခွဲခြားဆက်ဆံမှုကဲ့သို့သော ပဋိပက္ခ၏ အခြေခံအကြောင်းအရင်းများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းနိုင်ပါသည်။ ဥပမာအားဖြင့် ဤကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပါဝင်စေမှုယန္တရားများသည် နိုင်ငံအတွင်းရှိ အရေးပါသောလူအုပ်စုများအားလုံးမှ အစိုးရ၏ဆုံးဖြတ်ချက်များနှင့်ပတ်သတ်၍ ပြောရေးဆိုခွင့်ရရှိစေရန် အစိုးရအင်စတီကျူးရှင်းများ၏စုဖွဲ့မှုနှင့် လုပ်ထုံးလုပ်နည်းများပြောင်းလဲခြင်း၊ လူနည်းစု၏အခွင့်အရေးကို အထူးအကာအကွယ်ပေးခြင်း၊ (သို့) လူမျိုးစုများကို ၎င်းတို့နယ်မြေဆိုင်ရာကိစ္စရပ်များကို ကိုယ်တိုင်တာဝန်ယူနိုင်ရန်နှင့် ပိုမိုကောင်းမွန်သည့် ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ပေးရန် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းတို့ ပါဝင်ပါသည်။

ပဋိပက္ခအလွန်ကာလရှိ အရေးပါသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲသည် လက်နက်ကိုင်တပ်ဖွဲ့များတိုက်ပွဲဝင်ရသည့် အခြေခံအကြောင်းအရင်းကို တုန့်ပြန်မှုတစ်ခုဖြစ်နိုင်ချေရှိပါသည်။ ဤကဲ့သို့သော အခြေအနေများတွင် လက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီဇိုင်းရေးဆွဲမှုတွင်ပါဝင်စေခြင်းသည် ၎င်းတို့၏အမြင်များကို ထည့်သွင်းစဉ်းစားခြင်းသေချာစေရန်သာမက အပြောင်းအလဲအပေါ် ပိုင်ဆိုင်မှုခံစားချက်ပေးနိုင်မည်ဖြစ်ပြီး အစီအမံအသစ်များအားထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သောအုတ်မြစ်တစ်ခုအနေဖြင့် မှတ်ယူနိုင်မည်ဖြစ်သောကြောင့် အဓိပ္ပါယ်ရှိသည်။

## ၃။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေနိုင်ရန် စိန်ခေါ်မှုများမှာ အဘယ်နည်း။

### ၃.၁။ အခြားအုပ်စုများကိုဖယ်ကြဉ်ခြင်းဖြင့် ရင်းနှီးပေးဆပ်လိုက်ရသည့် ပါဝင်စေမှု

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေမှုကို အာရုံစိုက်မှုကြောင့် ဖြစ်နိုင်သည့် စိန်ခေါ်မှုတစ်ခုမှာ အခြားသူများကို တိုက်ရိုက်(သို့)သွယ်ဝိုက်၍ ဖယ်ကြဉ်လိုက်ရခြင်းဖြစ်သည်။ ဤအခြေအနေသည် နည်းလမ်းများစွာဖြင့် ပေါ်ပေါက်နိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းသည် ပဋိပက္ခနှင့်ပတ်သက်သော အဖွဲ့ကိုယ်စားပြုများ၏လက်ထဲသာရှိပါက ပဋိပက္ခအတွင်း တိုက်ရိုက်မပါဝင်သောသူများကို ချန်လပ်မှုဖြစ်နိုင်ပါသည်။

**လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများမှာ အခြားအုပ်စုများကို ဖယ်ကြဉ်မိနိုင်ခြင်း၊ ထွက်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လူထုတရားဝင် လက်ခံနိုင်မှု အပေါ် အယူအဆများ၊ တပ်ဖွဲ့များ ကိုယ်တိုင်မှ ဖွဲ့စည်းပုံအခြေခံ ဥပဒေတည် ဆောက်ရေးတွင် ပါဝင်မှုမရှိခြင်းတို့ဖြစ်သည်။**

ဤအခြေအနေများတွင် လူထုထံမှတရားဝင်အသိအမှတ်ပြုမှုရရှိရန်လိုအပ်သည့် လူမှုရေးစာချုပ်တစ်ခုသဖွယ်ထားရှိရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခြေခံအချက်များသည် အားနည်းသွားမည်ဖြစ်ပြီး ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်သည်လည်း တိုက်ပွဲဖြစ်နေသော အုပ်စုများအကြားရှိ အကျိုးစီးပွားအစိတ်အပိုင်းထက်အနည်းငယ်သာသော လုပ်ငန်းစဉ်သာဖြစ်နိုင်သည် (Hart 2001:154)။ ချမှတ်လိုက်သောအစီအမံအသစ်များသည်လည်း ကျယ်ပြန့်သောပြည်သူလူထု၏ အကျိုးစီးပွားအရမဟုတ်ဘဲ အကြမ်းဖက်မှုဆက်လက်မဖြစ်ပွားရေးအတွက် လိုအပ်ချက်အဖြစ် ပေါ်ပေါက်လာရသည်သာဖြစ်မည်။

ထို့အပြင် နိုင်ငံတွင်းရှိ ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် အခွင့်ထူးခံအုပ်စုများနှစ်ဘက်လုံးသည် အမျိုးသားထုအများစု ကြီးစိုးမည်ဖြစ်သည်။ အမျိုးသမီးများသည် နိုင်ငံတော်တပ်မဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များတွင် တိုက်ခိုက်ရေးအမှုထမ်းအဖြစ်လည်းကောင်း တိုက်ခိုက်ရေးမဟုတ်သည့်အမှုထမ်းအဖြစ်လည်းကောင်း ပါဝင်နေကြသော်လည်း ယင်းကဲ့သို့သော လက်နက်ကိုင်တပ်ဖွဲ့များကို ဦးဆောင်သူနှင့် ကိုယ်စားပြုသူများမှာ အမျိုးသားများပင်ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေခြင်းသည် အမျိုးသမီးများကို ဖယ်ကြဉ်မှုပို၍ဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ထိရောက်သောဖြေရှင်းမှုနှစ်ခုစလုံးကိုထိခိုက်စေနိုင်သည် (၂၀၀၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၁၃၂၅ ကိုကြည့်ပါ)။

ဤစိန်ခေါ်မှုများသည် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေခြင်းကိုဆန့်ကျင်သည့် အငြင်းပွားချက်များကို ကိုယ်စားမပြုပါ။ သို့ရာတွင် ဤစိန်ခေါ်မှုများကို သိရှိနားလည်ထားရန်လိုအပ်သည်။ သို့မှသာ အဆိုပါစိန်ခေါ်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်ပြီး သက်ဆိုင်သည့် အုပ်စုအားလုံးပါဝင်မှုကိုလည်း ညီမျှအောင်စီမံနိုင်မည်ဖြစ်သည်။

## ၃.၂။ တရားဝင်မှု

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေခြင်းသည် ၎င်းတို့နှင့် ၎င်းတို့ကိုယ်စားပြုသည့်အုပ်စုများကို တရားဝင်မှုဖြစ်စေပါသည်။ နိုင်ငံ့အင်စတီကျူးရှင်းများသည် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ၎င်းတို့၏နယ်မြေပိုင်နက်ဆိုင်ရာများ တွေ့ဆုံညှိနှိုင်းဆွေးနွေးရန် စိတ်ဝင်စားသော်လည်း လက်နက်ကိုင်တပ်ဖွဲ့များနှင့်တိုက်ရိုက်ဆက်သွယ်ခြင်းသည် ရှေ့လျှောက် ယင်းတပ်ဖွဲ့များနှင့်ဆက်သွယ်မှုများတွင်သက်ရောက်မှုရှိမည့် နိုင်ငံရေးအရ (သို့) တရားဥပဒေအရ တရားဝင်ဖြစ်မှုကို ယင်းလက်နက်ကိုင်များအပေါ် အထိုက်အလျောက်ပေးနိုင်မည့်အခြေအနေပေါ်ပေါက်စေမည်ကို စိုးရိမ်စိတ်ရှိကြသည်။ ဤအရေးကိစ္စရပ်များသည် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများတွင် ဦးစွာပေါ်ပေါက်သော်လည်း နောက်ပိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေခြင်းသည် ယင်းတပ်ဖွဲ့များပေါ်ပေါက်ရသည့်အကြောင်းအရင်း၊ လုပ်ဆောင်မှုကိုတရားဝင်စေပြီး ပဋိပက္ခတွင်ပါဝင်ပတ်သက်သူများကို အခွင့်ထူးများပေးမိသကဲ့သို့ဖြစ်နိုင်မည့် အခြေအနေအပေါ်လည်း စိုးရိမ်မှုရှိနိုင်သည်။

တရားဝင်မှုဆိုင်ရာအယူအဆများသည် ပဋိပက္ခ၏စရိုက်လက္ခဏာနှင့် တပ်ဖွဲ့များကိုယ်တိုင်အားဖြင့် သက်ရောက်မှုရှိနိုင်ပါသည်။ ရာဇဝတ် သို့မဟုတ် အကြမ်းဖက်အဖွဲ့ဖြစ်သော လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့သည် နိုင်ငံရေးဆိုင်ရာလွတ်မြောက်ရေးလှုပ်ရှားမှုအတွက် တိုက်ပွဲဝင်သော တော်လှန်ရေးတပ်ဖွဲ့များနှင့် အနက်အဓိပ္ပါယ်များစွာကွာခြားသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ပါဝင်သောအဖွဲ့များသည် ပဋိပက္ခနှင့်အဖွဲ့ကိုသတ်မှတ်သည့် အသုံးအနှုန်းဖော်ထုတ်ရန်လိုအပ်ပြီး ယင်းအသုံးအနှုန်းသည် အခြားပါဝင်သောအဖွဲ့များနှင့် မိမိတို့၏မဲဆန္ဒနယ်မြေများလည်း ကျေနပ်လက်ခံရန်လိုအပ်သည်။ အသုံးအနှုန်းဆိုင်ရာကိစ္စသည် နောက်ခံအကြောင်းတရားအရ အကဲဆတ်နိုင်သည့်ကိစ္စဖြစ်သည်။ ဥပမာ ကိုလမ်ဘီယာအစိုးရနှင့် များစွာသောတပ်ဖွဲ့များအကြား ညှိနှိုင်းဆွေးနွေး

ပွဲများတွင် အဖန်တလဲလဲပေါ်ပေါက်သည့်အရေးကိစ္စမှာ ပြည်တွင်းစစ်ကိုသုံးနှုန်းခြင်းနှင့် စပ်လျဉ်း၍ ဖြစ်သည်။ အစိုးရအနေဖြင့် ပြည်တွင်းစစ်ကို 'လက်နက်ကိုင်ပဋိပက္ခ' ဟုသုံးနှုန်းခြင်းကိုပိုမိုနှစ်သက်ပြီး ကိုလမ်ဘီယာတော်လှန်ရေးလက်နက်ကိုင်အင်အားစု (FARC) နှင့် ကိုလမ်ဘီယာအမျိုးသားလွတ်မြောက်ရေးတပ်မတော် (ELN) အနေဖြင့် "နိုင်ငံရေးပဋိပက္ခ" အဖြစ် နားလည်လက်ခံထားသည်။

မည်သည့်အခြေအနေတွင်မဆို တပ်ဖွဲ့များကို နိုင်ငံတကာအသိုင်းအဝိုင်းနှင့် လူထုအနေဖြင့် တရားဝင်အဖွဲ့များအဖြစ် ရှုမြင်နိုင်မည်မဟုတ်ပေ။ ထိုအခြေအနေများတွင် လက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင်ပါဝင်စေခြင်းသည် ပေါ်ထွက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားဝင်ဖြစ်မှုကိုအားနည်းစေနိုင်သော အန္တရာယ်ရှိသည်။ ဤအန္တရာယ်ကို လက်နက်ကိုင်တပ်ဖွဲ့များပါဝင်ခြင်းကြောင့်ရရှိမည့် အကျိုးကျေးဇူးဖြင့် ရေရှည်တည်တံ့၍ ထိရောက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ထွက်လာနိုင်သည်ကို ကျိုးကြောင်းရှင်းပြခြင်းဖြင့် တိုက်ရိုက်ကိုင်တွယ်ရန်လိုအပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်၏ တရားဝင်ဖြစ်မှုသည် လက်တွေ့တွင်အသုံးဝင်မှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် မည်သူပါဝင်သည် သို့မဟုတ် မည်သူမပါဝင်သည်သာမက ပြည်သူလူထု၏လက်ခံမှုကဲ့သို့သော အကြောင်းအရာများစွာပေါ်တွင် မူတည်နေသည်ကို အသားပေးဖော်ပြရန်လည်း အသုံးဝင်နိုင်သည်။

## ၃.၃။ ငြင်းဆန်ခံရခြင်းအန္တရာယ်

လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေခြင်းသည် တပ်ဖွဲ့များကိုယ်တိုင်၏ သဘောတူညီမှုလိုအပ်ပါသည်။ အချို့အခြေအနေများတွင် ယုံကြည်မှုဆိုင်ရာအရေးကိစ္စရပ်များ သို့မဟုတ် စေ့စပ်ဆွေးနွေးမှုမရှိခြင်းတို့ကြောင့် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် သဘောတရားဆိုင်ရာအကြောင်းပြချက်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သို့မဟုတ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်ပါဝင်ရန် ငြင်းဆိုနိုင်သည်။ မတူညီသောလက်နက်ကိုင်တပ်ဖွဲ့ဝင်များစွာရှိခြင်း သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့အဖွဲ့များအတွင်းပင် ကွဲပြားမှုများရှိနေနိုင်သောကြောင့် အချို့တပ်ဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်စေနိုင်ပြီး အချို့ကို ၎င်းတပ်ဖွဲ့များကိုယ်တိုင်၏သဘောထားဖြင့် ချန်လှပ်ထားခဲ့နိုင်ပါသည်။

ကိုယ်တိုင်မပါဝင်ရန်ဆုံးဖြတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးအတွက် ပြဿနာများပေါ်ပေါက်စေနိုင်သည်။ ဆိုလိုသည်မှာ အထက်တွင်ဖော်ပြခဲ့သည့် တပ်ဖွဲ့များပါဝင်ခြင်း၏ အကျိုးကျေးဇူးများကို ကောင်းစွာနားလည်သဘောပေါက်မှုမရှိခြင်းဖြစ်ပေါ်နိုင်ခြင်းကို ဆိုလိုသည်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံအသစ်၏ အခွင့်အာဏာကို အုပ်စုတစ်ခုမှ ကန့်ကွက်နိုင်သည့် အခြေအနေတစ်ရပ်ပေးထားသကဲ့သို့လည်း ဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့် ဘူဂန်ဗေး(လ်) တွင် ဘူဂန်ဗေး(လ်)တော်လှန်ရေးတပ်မတော် (BRA) ခေါင်းဆောင် Francis Ona သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နောက်ပိုင်းလုပ်ငန်းစဉ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင်ပါဝင်ရန် ငြင်းဆိုခဲ့သည်။ Ona သည် ကိုယ်ပိုင်အစိုးရကြေညာခဲ့ပြီး မိုင်းဖုံး ရှိသည့် တိုက်ပွဲဖြစ်ပွားရာနေရာအလယ်ရှိ Panguna ဒေသကို 'တားမြစ်နယ်မြေ' အဖြစ် သတ်မှတ်ထိန်းချုပ်ခဲ့သည်။ သို့ရာတွင် အခြား BRA ၏အခြားခေါင်းဆောင်အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်ပါဝင်ခဲ့ပြီး လုပ်ငန်းစဉ်များတွင် ကြီးမားသည့်အောင်မြင်မှုရရှိခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ အားလုံးမဟုတ်သော်လည်း မိမိသဘောအရမပါဝင်ခဲ့သည့် အချို့သောအုပ်စုများသည် အစိုးရဝန်ဆောင်မှုများ 'တားမြစ်နယ်မြေ' များသို့ပါ တဖြည်းဖြည်းဖြန့်ကျက်ဆောင်ရွက်လျက်ရှိလာသည်နှင့်အညီ ဘူဂန်ဗေး(လ်)၏ ဖွဲ့စည်းပုံအရဖွဲ့စည်းထားသည့် အစိုးရတွင် ပါဝင်လာကြသည်။

တပ်ဖွဲ့များ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်လာရေးအတွက် နိုင်ငံ့အစိုးရ၏ ကြီးမားသောအားထုတ်မှုလိုအပ်နိုင်သည်။ အဆိုပါကြိုးပမ်းမှုများတွင် လွတ်ငြိမ်းချမ်းသာခွင့်ကဲ့သို့သော အာမခံချက်များနှင့် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားဝင်မှုပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအပြောင်းအလဲများ လုပ်ဆောင်ခြင်းတို့နှင့်ပတ်သက်သော

သဘောတူညီမှုများလည်း ပါဝင်နိုင်သည်။ လက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင် ပါဝင်စေခြင်းသည် အချို့သောတပ်ဖွဲ့များအပေါ် မတူညီစွာဆက်ဆံမှုလိုအပ်နိုင်ပြီး ဤနည်းဖြင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတို့ကို ပိုမိုသက်ရောက်စေသည်။ သို့သော် ဘူဂန်ဘေး(လ်)၏ ဥပမာကိုကြည့်ခြင်းအားဖြင့် အချို့တပ်ဖွဲ့များသည် အစပိုင်းတွင်ပါဝင်မှုငြင်းဆန်ခဲ့လျှင်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဆိုင်ရာ အစီအမံအကောင်အထည်ဖော်ခြင်းအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း၏နောက်ပိုင်းအပိုင်းတွင် ပါဝင်စေခြင်းဖြင့် ယင်းတို့၏ပါဝင်မှုကို တိုးမြှင့်နိုင်ပါသည်။

## ၄။ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များ မည်ကဲ့သို့ပါဝင်နိုင်သနည်း။

ပဋိပက္ခအလွန် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်များသည် နိုင်ငံတော်အဆင့်တွင်ပေါ်ပေါက်နိုင်သလို တိုင်းဒေသကြီးအဆင့် သို့မဟုတ် အဆင့်နှစ်ဆင့်လုံးတွင် တစ်ပြိုင်နက်တည်းပေါ်ပေါက်နိုင်ပါသည်။ အခြေအနေတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းသည် အောက်ပါအဆင့်များစွာကို ဖြတ်ကျော်ရလေ့ရှိပါသည်။ အထူးသဖြင့် –

- များသောအားဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်မှတဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအပြောင်းအလဲအတွက် အခြေခံလုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။ တစ်ခါတစ်ရံ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပူးတွဲပါဝင်တတ်ပါသည်။
- ညှိနှိုင်းဆွေးနွေးခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ မူကြမ်းရေးဆွဲခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကိုအတည်ပြုခြင်း သို့မဟုတ် ရှိနှင့်ပြီးဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခြင်းနှင့်
- ဖွဲ့စည်းပုံအတည်ပြုပြီးနောက်တစ်ပြိုင်နက်နှင့် အချိန်နှင့်အမျှတဖြည်းဖြည်း စီမံချက်အသစ်များကို လက်တွေ့အကောင်အထည်ဖော်ခြင်း

တပ်ဖွဲ့များအနေဖြင့် ဖော်ပြပါအဆင့်များတွင် အနည်းနှင့်အများအတိုင်းအတာဖြင့် ပါဝင်နိုင်ပါသည်။

### ၄.၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်စေခြင်း

ပဋိပက္ခဒဏ်ခံရသည့်အခြေအနေရှိ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးသည် ပုံမှန်အားဖြင့် ငြိမ်းချမ်းရေးဆိုင်ရာသဘောတူညီချက်တစ်ခု သို့မဟုတ် တစ်ခုထက်မက ဦးစွာပြုလုပ်ခြင်းဖြင့်စတင်တတ်ပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာသဘောတူညီမှုများတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များမှစကာ အနာဂတ်ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် များစွာသောမူများချမှတ်သည့်လုပ်ငန်းစဉ်များအထိ ပုံစံမျိုးစုံပါဝင်ပါသည်။ ပဋိပက္ခတွင်ပါဝင်သည့် အရေးကြီးသောအဖွဲ့များအားလုံးသဘောတူလက်မှတ်ထိုးထားပြီး အဆိုပါပဋိပက္ခပြေငြိမ်းစေရေး နည်းလမ်းများရှာဖွေဖော်ထုတ်ထားသည့် ပြည့်စုံသောငြိမ်းချမ်းရေးသဘောတူညီချက်များတွင် များသောအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပြောင်းအလဲဆိုင်ရာ သဘောတူညီချက်များပါဝင်ပါသည်။ နီပေါနိုင်ငံ၏ ၁၉၉၆ ခုနှစ်တွင်ချုပ်ဆိုခဲ့သည့် ပြည့်စုံသောငြိမ်းချမ်းရေးသဘောတူညီချက်နှင့် ၂၀၀၁ ခုနှစ် ဘူဂန်ဘေး(လ်) ငြိမ်းချမ်းရေးသဘောတူညီချက်များသည် ထိုကဲ့သို့သောသဘောတူညီချက်များ၏ ဥပမာများဖြစ်သည်။

ပဋိပက္ခနှင့်ဆက်စပ်သည့် အုပ်စုများဖြစ်ကြသည့်အလျောက် တပ်ဖွဲ့များသည် ငြိမ်းချမ်းရေးသဘောတူညီချက်ဆွေးနွေးပွဲများတွင် ပါဝင်မည်ဖြစ်သည်။ ဤအခြေအနေတွင် ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအပြောင်းအလဲနှင့် သက်ဆိုင်သည့်အစီအစဉ်ထည့်သွင်းခြင်းဖြင့် တပ်ဖွဲ့များအနေနှင့် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် တိုက်ရိုက်ပါဝင်နိုင်ပါသည်။ ဤနေရာတွင် အပေးအယူလုပ်ရန်ရှိသည်။ ငြိမ်းချမ်းရေး သဘောတူညီချက်တွင်ပါရှိသည့် သီးခြားအပြောင်းအလဲဆိုင်ရာဖော်ပြချက်များသည် တပ်ဖွဲ့များကိုကျေနပ်စေနိုင်သော်လည်း နောက်ပိုင်းအားလုံးပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် စစ်မှန်သည့်

**လက်နက်ကိုင်တပ်ဖွဲ့များ အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတည်ဆောက်ရေးအဆင့် တိုင်းတွင် ပါဝင်နိုင်ပါသည်။ တိုက်ရိုက်ပါဝင်မှုသည် ငြိမ်းချမ်း ရေးဆိုင်ရာ ဆွေးနွေးပွဲများ အတွင်း ပါဝင်မှုဖြစ်နိုင်ပါသည်။**

ရွေးချယ်မှုများ ပြုလုပ်နိုင်ရေးကိုတော့ အဟန့်အတားဖြစ်စေမည်ဖြစ်သည်။ ဥပမာအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးဆွဲရေးဦးတည်ချက်အပေါ် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးဆွဲရေးမူများအပေါ် အထောက်အကူပြုနိုင်မည့် ယေဘုယျသဘောဆောင်သည့်ကတိကဝတ်များကို ငြိမ်းချမ်းရေးဆိုင်ရာသဘောတူညီချက်များတွင် ထည့်သွင်းခြင်းသည် ပိုမိုထိရောက်အကျိုးရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ် ပေါ်ပေါက်စေပါသည်။ သို့ရာတွင် ကတိကဝတ်များသည် ယေဘုယျကျလွန်းပါက အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ လိုလားချက်များကို ထည့်သွင်းအလေးထားမည့်အပေါ် သေချာမှုရှိမရှိနှင့် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်အဆင့်များတွင် ၎င်းတို့အပြည့်အဝပါဝင်နိုင်မှုအပေါ်လည်း မေးခွန်းထုတ်ဖွယ်ဖြစ်စေပါသည်။

## ၄.၂။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းနှင့် အတည်ပြုခြင်းတွင် ပါဝင်စေခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် မတူညီသည့်လုပ်ထုံးလုပ်နည်းများစွာ ရှိပါသည်။ ယင်းတို့တွင် အထူးအရေးကြီးသည့်ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်များချမှတ်ရန် အထူးအများစု လိုအပ်ချက်များ ထပ်မံထည့်သွင်းခြင်းအားဖြင့် ရှိနှင့်ပြီးသားဥပဒေပြုလွှတ်တော် သို့မဟုတ် ရွေးကောက်တင်မြှောက်ခံရသည့် တိုင်းပြုပြည်ပြုလွှတ်တော်ကို အသုံးပြုခြင်းပါဝင်သည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြည်သူလူထု၏အတည်ပြုချက်ရယူရန် လိုအပ်သည့်အခြေအနေလည်းရှိနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၌ လူထုပါဝင်မှုကို ပုံစံအချို့ဖြင့်ထည့်သွင်းမှုပိုမိုများပြားလာသည်။ ဤလုပ်ထုံးလုပ်နည်းရွေးချယ်မှုသည် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်စေရန်အတွက် သက်ရောက်မှုရှိနိုင်သည်။

### *ပူးပေါင်းပါဝင်မှုအတွက် ရွေးချယ်စရာများ*

လက်နက်ကိုင်တပ်ဖွဲ့များပါဝင်မှုသေချာစေရန်အတွက် နည်းလမ်းတစ်ခုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် တပ်ဖွဲ့များပါဝင်နိုင်သည့်နေရာ သတ်မှတ်လျာထားပေးခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဘူဂန်ဘေး(လ်)တွင် ဆောင်ရွက်ခဲ့သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် သို့မဟုတ် တိုင်းပြုပြည်ပြုလွှတ်တော်တွင် လက်နက်ကိုင်တပ်ဖွဲ့ဟောင်းများ၏ ကိုယ်စားလှယ်များအတွက် နေရာသတ်မှတ်ပေးခြင်းဖြစ်သည်။ လူထုနှင့်ဆွေးနွေးတိုင်ပင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းဖြစ်သည့် နေရာများတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ လိုလားချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် တပ်ဖွဲ့များနှင့် သီးခြားဆွေးနွေးအကြံပြုချက်ရယူရန် အထူးကြိုးပမ်းဆောင်ရွက်ချက်များ လိုအပ်နိုင်သည်။ အကြံပြုချက်ရယူရာတွင် တပ်ဖွဲ့များ၏လိုလားချက်များကို ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် ကိုယ်စားပြုကော်မတီဖွဲ့စည်းခြင်း သို့မဟုတ် တပ်ဖွဲ့များထံမှ တင်ပြတောင်းဆိုချက်များရယူခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။ ပူးပေါင်းပါဝင်ခြင်းအတွက် အခြားနည်းလမ်းများမှာ တိုက်ရိုက်လုပ်ဆောင်မှုနည်းသည်။ လွှတ်တော် သို့မဟုတ် ရွေးကောက်ခံအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းအတွက်တာဝန်ရှိပြီး လက်နက်ကိုင်တပ်ဖွဲ့များအတွက်လျာထားသည့်နေရာမရှိသည့် နေရာတွင် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် တိုက်ရိုက်ပါဝင်နိုင်ရေးအတွက် လူထုအထောက်အပံ့ရရှိရန် နိုင်ငံရေးတွင်ပါဝင်နိုင်ရေး ကြိုးပမ်းလာနိုင်ပါသည်။ ဤအခြေအနေသည် လက်နက်ကိုင်တပ်ဖွဲ့များအား နယ်မြေဒေသတစ်ခုမှ သို့မဟုတ် သီးခြားတိုင်းရင်းသားအုပ်စုတစ်ခုမှ သို့မဟုတ် ဘာသာရေးအုပ်စုတစ်ခုမှ ထောက်ပံ့မှုရှိသည့်နေရာတွင် ဖြစ်နိုင်သည်။

### *ပူးပေါင်းပါဝင်ရန် အတားအဆီးများ*

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင် လက်နက်ကိုင်တပ်ဖွဲ့များကို သီးခြားအဖွဲ့တစ်ခုအနေဖြင့်ပါဝင်စေရေးအတွက် အထူးအဆင့်များမလိုလျှင်ပင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဖြစ်တည်မှုအခြေအနေကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးတွင်ပါဝင်ခြင်း၌ အဟန့်အတား မဖြစ်

စေရေးလုပ်ဆောင်ရမည်ဖြစ်သည်။ လက်နက်ကိုင်တပ်ဖွဲ့များပါဝင်ရေးအတွက် အာရုံစိုက်ရန်လိုအပ်သောအတားအဆီးတစ်ခုမှာ လက်နက်ကိုင်တပ်ဖွဲ့များကို ရာဇဝတ်မှုကျူးလွန်သူများအဖြစ်သတ်မှတ်ပြီး အစိုးရရုံးထိုင်ရန် အရည်အချင်းမပြည့်သူများအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ အချို့သောငြိမ်းချမ်းရေးသဘောတူညီချက်များသည် ထိုကဲ့သို့သောအတားအဆီးများကိုဖယ်ရှားရန် ကြိုးပမ်းသည်။ ဥပမာ အာချေး၊ ကိုလံဘီယာနှင့် နီပေါနိုင်ငံများရှိ ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် လက်နက်ကိုင်တပ်ဖွဲ့များအား နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို အသိအမှတ်ပြုဖော်ပြထားသည်။ တစ်ခါတစ်ရံတွင် လွတ်ငြိမ်းချမ်းသာခွင့်များသည် ငြိမ်းချမ်းရေးသဘောတူညီမှု၏ အစိတ်အပိုင်းဖြစ်ပြီး လူ့အခွင့်ရေးစံနှုန်းများနှင့်သက်ဆိုင်မှုရှိသောနေရာများတွင် လက်နက်ကိုင်တပ်ဖွဲ့များပါဝင်ခြင်းကို ခွင့်ပြုနိုင်ရန်အတွက် တပ်ဖွဲ့များကို ပြစ်မှုမှတ်တမ်းမှဖယ်ရှားခြင်းဖြင့် အထောက်အကူပြုနိုင်သည်။

### *ကိုယ်စားပြုမှု၏ ရှုပ်ထွေးမှုများ*

နိုင်ငံတပ်ဖွဲ့မဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များသည် တပေါင်းတစည်းတည်း ရှိမနေကြဘဲ တစ်ဖွဲ့ချင်းတောင့်တင်းခိုင်မာသည့် အဖွဲ့များဖြစ်ကြသည်။ နိုင်ငံအတွင်းမတူကွဲပြားသည့် လက်နက်ကိုင်တပ်ဖွဲ့များစွာရှိနိုင်ပြီး တပ်ဖွဲ့တိုင်းတွင် ၎င်းတို့ကိုယ်ပိုင်အသင်းဝင်၊ ဖွဲ့စည်းပုံနှင့် နိုင်ငံရေး မျှော်မှန်းချက်များရှိကြပါသည်။ လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ချင်းစီသည် နိုင်ငံတော်ကိုဆန့်ကျင်သော စစ်ရေးလှုပ်ရှားမှုများဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာကျွမ်းကျင်နေသောကြေမှုတစ်စုံတရာ လိုအပ်သော်လည်း အဖွဲ့တစ်ခုအတွင်းမှ မတူညီသော တပ်ဖွဲ့ခွဲငယ်များတွင် မတူညီသည့်လိုလားချက်များနှင့် အဖွဲ့အစည်းအတွင်း ယုံကြည်စိတ်ချရမှုအဆင့်ဆိုင်ရာ ကွဲပြားချက်များပင် ရှိနိုင်ပါသည်။ ပဋိပက္ခဖြစ်ပွားစဉ်အတွင်း သို့မဟုတ် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်အတွင်း လက်နက်ကိုင်တပ်ဖွဲ့တစ်ခုမှ မတူညီသည့်လှုပ်ရှားမှုများဖြင့် အဖွဲ့တွင်းမှခွဲထွက်မှုများပင်ရှိနိုင်ပါသည်။ ဥပမာအားဖြင့် ကိုလမ်ဘီယာနိုင်ငံ၏ဖြစ်စဉ်တွင် မြေပြင်တွင်လှုပ်ရှားမှုမတူညီသည့် အုပ်စုနှစ်ခုလုံးသည် ပဋိပက္ခတစ်ခုတည်းအပေါ် ရင်ဆိုင်နေကြသည်ဖြစ်သော်လည်း နိုင်ငံ၏တပ်ဖွဲ့များနှင့် စစ်ဆင်ရေးများဆောင်ရွက်ရာတွင် မတူညီသည့်အစီအစဉ်များနှင့် လုပ်ဆောင်နိုင်စွမ်းများရှိကြရာ အဆိုပါအုပ်စုနှစ်ခုနှင့် သီးခြားစေ့စပ်ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ရသော်လည်း ညှိနှိုင်းမှုများကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များကို မတူကွဲပြားသည့်တာဝန်များ သတ်မှတ်ပေးထားသောနေရာတွင် မည်သူကကိုယ်စားပြုနေသည် သို့မဟုတ် ပါဝင်သူက မည်သည့်အကြောင်းအရာကို ကိုယ်စားပြုလုပ်ဆောင်နေသည်နှင့် ကိုယ်စားပြုရသည့်အကြောင်းအရာ၏ သဘောသဘာဝနှင့် ကန့်သတ်ချက်များကို နားလည်ရန်အရေးကြီးပါသည်။ အဆိုပါသဘောသဘာဝနှင့် ကန့်သတ်ချက်များအပေါ်မူတည်၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်အတွင်း ခွင့်ပြုချက်များသတ်မှတ်ပေးနိုင်ပါသည်။ မတူညီသည့်ခွင့်ပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- လက်နက်ကိုင်တပ်ဖွဲ့တစ်ခုကို ကိုယ်စားပြုသည့်တပ်ဖွဲ့ဝင်တစ်ဦးတွင် အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ပိုင်ခွင့်ရှိသည်။
- သီးသန့်အကြောင်းတရားတစ်ခု သို့မဟုတ် လူတစ်စုနှင့် ဆက်စပ်လျက်ရှိသော တပ်ဖွဲ့ဝင်တစ်ဦးသည် သီးသန့်လိုလားချက်များအတွက် ကိုယ်စားပြုအကြီးအကဲအဖြစ်ဆောင်ရွက်နိုင်သည်။
- အခြားတပ်ဖွဲ့ဝင်များကိုလက်တွေ့ကိုယ်စားပြုနေသည့်တပ်ဖွဲ့ဝင်တစ်ဦးသည် အကူးအပြောင်းကာလ တရားမျှတရေး သို့မဟုတ် ပြန်လည်ပေါင်းစည်းရေးကိစ္စရပ်များအပေါ် အထူးအလေးပေး ဆောင်ရွက်နိုင်သည်။

## ၄.၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံသစ်များ လက်တွေ့အကောင်အထည်ဖော်ဆောင်ရာတွင် ပါဝင်စေခြင်း

လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများကို ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်ရှိ အစိုးရနေရာများ၊ ဥပဒေပြုလွှတ်တော်များ သို့မဟုတ် အခြားအင်စတီကျူးရှင်းများတွင် ထည့်သွင်းနိုင်သည်။

အာချေးသည် ဥပမာတစ်ခုဖြစ်သည်။ အဓိကပဋိပက္ခသည် အာချေးအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ အစိတ်အပိုင်းအဖြစ် ရှိမရှိဟူသည့် ပြဿနာဖြစ်ပြီး ငြိမ်းချမ်းရေးသဘောတူညီချက်အရ အာချေးသည် အင်ဒိုနီးရှားနိုင်ငံ၏ အစိတ်အပိုင်းအဖြစ် ဆက်လက်တည်ရှိရန်ဖြစ်သော်လည်း ကြီးမားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်အဆင့်ဖြင့် ရပ်တည်ရန်ဖြစ်သည်။ Free Aceh Movement (Gerakan Aceh Merdeka, GAM) ကို အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ထားပြီး ညှိနှိုင်းဆွေးနွေးမှုများ မပြုလုပ်နိုင်ရန် ကန့်သတ်ထားမှုသည် ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို အဟန့်အတားဖြစ်စေခဲ့ပါသည်။ GAM ၏ နည်းဗျူဟာမှာ ၎င်း၏အဖွဲ့ဝင်များကို စီရင်စုလွှတ်တော်များတွင်ပါဝင်စေပြီး မြို့တော်ဝန်များဖြစ်လာကာ ဒေသတွင်းဥပဒေကိုအသုံးပြုခြင်းဖြင့် ၎င်း၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးဆောင်ရွက်ရန်ဖြစ်သည်။ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိပြီးနောက် GAM သည် နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ဒေသဥပဒေပြုလွှတ်တော်၌ အမတ်နေရာအများစု အနိုင်ရရှိခဲ့သည် (Zainal 2019)။

လက်နက်ကိုင်တပ်ဖွဲ့ဝင်အဖြစ်မှ အစိုးရအဖွဲ့ဝင် သို့မဟုတ် နိုင်ငံရေးခေါင်းဆောင်အဖြစ်သို့ ကူးပြောင်းခြင်းကို လွယ်ကူရိုးရှင်းစွာ လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ ၎င်းသည် လက်နက်ကိုင်တပ်ဖွဲ့ဝင်ဆိုင်ရာအရည်အချင်း၊ ကျွမ်းကျင်မှုနှင့် စည်းမျဉ်းများကိုစွန့်ခွာရန်လိုအပ်ပြီး နိုင်ငံကိုတော်လှန်မှုမှ တာဝန်ကျေသည့် နိုင်ငံရေးခေါင်းဆောင်နှင့် နိုင်ငံ့အစိုးရ၏အစိတ်အပိုင်းဖြစ်သည့် ပြည်သူ့အကျိုးပြုအုပ်ချုပ်ရေးအဖွဲ့သို့ ပြောင်းလဲရန်လိုအပ်သည်။ ဒီမိုကရေစီနည်းကျ ကိုယ်စားပြုမှုတွင် တပ်ဖွဲ့ဟောင်းများအနေဖြင့် ပိုမိုကျယ်ပြန့်သော ပြည်သူလူထုကို ကိုယ်စားပြုရမည်ဖြစ်ပြီး လူထုဆန္ဒအပေါ်အခြေခံ၍ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရမည်ဖြစ်သည် (Dudouet et al. 2012:38–40)။ အထက်အောက်ပုံစံများနှင့် ပြင်းထန်သောသစ္စာစောင့်သိမှုများဖြင့် တာဝန်ထမ်းဆောင်ခဲ့သောအခြေအနေများကိုစွန့်ခွာကာ ဒီမိုကရေစီလုပ်ငန်းစဉ်တွင်ပါဝင်ရန်မှာ တပ်ဖွဲ့များအတွက် ခက်ခဲမည်ဖြစ်သည်။ လက်နက်ကိုင်တပ်ဖွဲ့များကို လူ့အဖွဲ့အစည်းတွင်ပါဝင်စေခြင်းသည် ငြိမ်းချမ်းရေးကိုစုစည်းခိုင်မာစေမည့် အကျိုးကျေးဇူးကိုရရှိနိုင်သည်။ သို့သော် တစ်ချိန်တည်းမှာပင် ပါဝင်စေရေးဆောင်ရွက်ချက်သည် ထိရောက်သောအရပ်သားအစိုးရကိုမြှင့်တင်ခြင်းနှင့် စစ်ရေးအရပုံသွင်းခြင်းကို ရှောင်ရှားခြင်းနည်းလမ်းဖြင့် လုပ်ဆောင်ရန်လိုအပ်သည်။

## ကိုးကားချက်များနှင့် အခြားဖတ်ရှုစရာများ


Cats-Baril, A., *Moving Beyond Transitions to Transformation: Interactions between Transitional Justice and Constitution-Building*, Policy Paper No. 22 (Stockholm: International IDEA, 2019), <https://www.idea.int/publications/catalogue/moving-beyond-transitions-totransformation>, accessed 16 September 2020

Dudouet V., Giessmann, H. J. and Planta, K., *From Combatants to Peacebuilders: A Case for Inclusive, Participatory and Holistic Security Transitions* (Berlin: Berghof Foundation, 2012), <https://www.berghof-foundation.org/fileadmin/redaktion/Publications/Papers/Policy_Reports/PolicyPaper_dudouetetal.pdf>, accessed 16 September 2020

Easterday, J. S., 'Peace agreements as a framework for jus post bellum', in C. Stahn, J. S. Easterday and J. Iverson (eds), *Jus Post Bellum: Mapping the Normative Foundations* (Oxford: Oxford University Press, 2014), <https://doi.org/10.1093/acprof:oso/9780199685899.003.0021>

Hart, V., 'Constitution-making and the transformation of conflict',*Peace and Change*, 26/2 (2001), pp. 153–76, <https://doi.org/10.1111/0149-0508.00185>

Parsalay, S., 'Session 4: Inclusion of combatants: Afghanistan', in *Inclusion and Participation in Constitution-Building Processes: Report of the Fourth Melbourne Forum on Constitution-Building in Asia and the Pacific* (Stockholm and Melbourne: International IDEA and Constitution Transformation Network, 2019), <https://law.unimelb.edu.au/constitutional-transformations/MF/2019-melbourne-forum/MF19-report>, accessed 16 September 2020

United Nations Development Programme, *UNDP Guidance Note on Constitution-Making Support* (UNDP: New York, 2014), <http://www.onu.cl/es/wp-content/uploads/2016/06/Constitution-Making-Support-Guidance-Note.pdf>, accessed 16 September 2020

United Nations Security Council Resolution 1325 [Women, Peace and Security], 31 October 2000, <https://www.unwomen.org/en/docs/2000/10/un-security-council-resolution-1325>, accessed 16 September 2020

Zainal, M. L., 'Session 4: Inclusion of combatants: Aceh, Indonesia', in *Inclusion and Participation in Constitution-Building Processes: Report of the Fourth Melbourne Forum on Constitution-building in Asia and the Pacific* (Stockholm and Melbourne: International IDEA and Constitution Transformation Network, 2019), <https://law.unimelb.edu.au/constitutional-transformations/MF/2019-melbourne-forum/MF19-report>, accessed 16 September 2020


## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် ကမ္ဘာတစ်လွှားတွင် ရေရှည်တည်တံ့သော ဒီမိုကရေစီ စနစ်ပေါ်ထွန်းရေးကို အထောက်အပံ့ပေးရန် ရည်သန် ဆောင်ရွက်နေသည့် အစိုးရများအကြား ချိတ်ဆက် ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

## Constitution Transformation Network အကြောင်း

မဲလ်ဘုန်းဥပဒေကျောင်းအတွင်းရှိ Constitution Transformation Network (ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကွန်ရက်) သည် သုတေသီ များနှင့် လက်တွေ့ပညာရှင်များကို အတူတကွစုဝေးစေ လျက် ဖွဲ့စည်းပုံအခြေခံဥပဒေအကူးအပြောင်းဆိုင်ရာ ဖြစ်ရပ်ကို လေ့လာနိုင်စေရန် ဆောင်ရွက်သည်။ <http://law.unimelb.edu.au/constitutional-transformations>

## ရှင်းလင်းချက်


International IDEA ၏ ပုံနှိပ်ထုတ်ဝေသော စာတမ်း များသည် မည်သည့်အမျိုးသားရေးနှင့် နိုင်ငံရေး ရည်ရွယ်ချက်များ လုံးဝမပါဝင်ဘဲ ထုတ်ဝေသော စာစောင်များဖြစ်သည်။ ဤစာစောင်တွင်ဖော်ကျူးထား သော အမြင်ရှုထောင့် များသည် International IDEA ၏ ရှုထောင့်ကို သော်လည်းကောင်း၊ IDEA ၏ ဘုတ်အဖွဲ့ဝင်များ၏ရှုထောင့်ကိုသော်လည်းကောင်း ကိုယ်စားမပြုပါ။ ဤ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသေးစိတ်လေ့လာချက်စာစောင်အတွင်းတွင် ဖော်ပြ ထားသည့် အမြင်ရှုထောင့်များသည် ပံ့ပိုးကူညီသော နိုင်ငံများ၏ အမြင်ရှုထောင့်ကိုသော်လည်းကောင်း ကိုယ်စားပြုခြင်းမရှိပါ။


## မူပိုင်ခွင့်


© International IDEA နှင့် Constitution Transformation Network ၂၀၂၁ ခုနှစ်မူပိုင်ဖြစ်သည်။ © အင်္ဂလိပ်ဘာသာကို ၂၀၂၀ ခုနှစ်မူပိုင်ဖြင့် ထုတ်ဝေ သည်။

ဤစာအုပ်ကို ကွန်ပျူတာဖိုင်အနေဖြင့် Creative Commons Attribute-NonCommercial-ShareAlike 3.0 (CC BY-NC-SA 3.0) licence ဖြင့် ရယူနိုင်ပါသည်။ စီးပွားဖြစ်လုပ်ဆောင်ခြင်း မဟုတ်လျှင်၊ ဤမူရင်း စာအုပ်ကို သင့်တင့်လျောက်ပတ်စွာ ရည်ညွှန်းဖော်ပြ လျက် ကူးယူခြင်း၊ ဖြန့်ချီခြင်း၊ ပေးပို့ခြင်း၊ စာသားများ ပြန်လည်စီစဉ်ခြင်း၊ ဆီလျော်အောင် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ယင်းတို့ ပြုလုပ်ဖြန့်ဝေမည်ဆိုပါက ဤခွင့်ပြုချက်လိုင်စင်ကိုပင် အသုံးပြု၍ ဖြန့်ဝေရန်ဖြစ် ပါသည်။
ဤခွင့်ပြုချက်လိုင်စင်အကြောင်း ပိုမိုသိရှိလိုပါက Creative Commons website <http://creativecommons.org/licenses/by-nc-sa/3.0/> တွင် လေ့လာနိုင်ပါသည်။



ISBN : 978-91-7671-452-2 (Print)
ISBN : 978-91-7671-453-9 (PDF)
DOI : https://doi.org/10.31752/idea.2021.72



ဤစာတမ်းအား ဘာသာပြန်ထုတ်ဝေခြင်းကို နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဇင်ဘတ်အစိုးရ၊ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွီဒင်အစိုးရတို့မှပံ့ပိုးကူညီသည်။